# FAST FACTS

United Nations
Development Programme

Empowered lives.
Resilient nations.

## မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် မျှတသောတရားစီရင်မှုအား လက်လှမ်းမီရေး (၂၀၁၃-၂၀၁၇)

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သမိုင်းတွင်ကျန်ရစ်မည့်အဆင့်တွင် ရောက်ရှိနေပါသည်။ ၂၀၀၈ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြင့် စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ကူးပြောင်းခဲ့ပြီး ၂၀၁၂ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပကာ ဒီမိုကရေစီစနစ်သို့ ဦးတည်ခဲ့ပါသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းနိုင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံတော်တည်ငြိမ်ရေး ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် တရားဥပဒေစိုးမိုးရေး၊ မျှတသော တရားစီရင်မှုအား လက်လှမ်းမီရေးနှင့် အခြားသော ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

UNDPသည် ကမ္ဘာတလွှားတွင်ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးနှင့် မျှတသောတရားစီရင်မှုအား လက်လှမ်းမီရေးဆိုင်ရာ ၎င်း၏အတွေ့အကြုံများကို အခြေခံကာ UNDP၏ မြန်မာနိုင်ငံလုံးဆိုင်ရာ အစီအစဉ်တွင် ပါဝင်သည့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးကဏ္ဍသည် အောက်ပါလုပ်ငန်းများကို အဓိကထား ဆောင်ရွက်နေပါသည်။

တရားဥပဒေစိုးမိုးရေး။ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးနှင့် မျှတသော တရားစီရင်မှုအား လက်လှမ်းမီရေးတို့ ဆောင်ရွက်နိုင်ရန် တရားရေးဆိုင်ရာ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးပါသည်။

မျှတသော တရားစီရင်ရေးအား လက်လှမ်းမီမှု။ ဒေသန္တရအဆင့် တရားဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ပေးရာတွင် အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများနှင့် ထိခိုက်လွယ်မှုအရှိဆုံးလူအုပ်စုများ၏ ရပိုင်ခွင့်များကို အလေးပေးကာ ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရန် ပံ့ပိုးပေးခြင်း၊ ထိုလူအုပ်စုများမှ ၎င်းတို့၏ ရပိုင်ခွင့်များအား တောင်းဆိုနိုင်ရန်နှင့် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ပေးရေး တောင်းဆိုနိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါသည်။



*၂၀၁၄ခုနှစ် မန္တလေးမြို့တွင် ကျင်းပခဲ့သည့် မျှတသော တရားစီရင်မှုအား အမျိုးသမီးများ လက်လှမ်းမီရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးပြောကြားနေစဉ်၊ ရင်းမြစ်- UNDP*

နိုင်ငံတော်မူဝါဒဦးစားပေးအစီအစဉ်များ

မြန်မာနိုင်ငံတော်အစိုးရသည် 'လူထု၏ယုံကြည်မှု မြင့်မားလာစေရန်၊ တည်ဆဲဥပဒေများအား လေးစားလိုက်နာရန်အတွက် မျှတသော တရားစီရင်မှုအား ပြည်သူများ လက်လှမ်းမီမှု တိုးတက်လာစေရန်' နှင့် 'တရားစီရင်ရေးကဏ္ဍ၏ လွပ်လပ်စွာ ရပ်တည်နိုင်မှုနှင့် ထိရောက်မှုတို့အား တိုးတက်စေရန်အပြင် လွပ်လပ်စွာ တရားစွဲဆိုခြင်း၊ တရားဥပဒေအား လေးစားလိုက်နာစေခြင်းနှင့် ဥပဒေပြုရေးဆိုင်ရာ ကြီးကြပ်စစ်ဆေးမှုများအတွက် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ' အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- *စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်၊ ၂၀၁၂ခုနှစ်၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ ရေရှည်ပန်းတိုင်များအတွက် မူဝါဒဆိုင်ရာ ဦးစားပေးအစီအစဉ်များ*

UNDP ၏ မိတ်ဖက်များ

- အစိုးရမိတ်ဖက်များ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
- အလှူရှင်များ။ ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ UNDP အရေးပေါ်အခြေအနေကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့

အဖွဲ့အစည်းစနစ်များဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

UNDPသည် မြန်မာနိုင်ငံမှ မိတ်ဖက်များနှင့် လက်တွဲကာ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်သည့် တရားစီရင်မှုကဏ္ဍ စီမံကိန်းရေးဆွဲခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့ အားကောင်းလာစေရန်အတွက် နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနေပါသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများ

- မဟာဗျူဟာစီမံကိန်းများ ရေးဆွဲခြင်းမှတစ်ဆင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများအား ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းယန္တရားများအား တိုးတက်ကောင်းမွန်စေခြင်း
- တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေးအစီအစဉ်များနှင့် မဟာဗျူဟာများအား တရားစီရင်ရေးကဏ္ဍမှ လုပ်ရှားဆောင်ရွက်သူများနှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း
- ခေတ်မီစက်ကိရိယာများဖြင့် အမှုတွဲများအား စီမံခန့်ခွဲသည့်စနစ်များ ကျင့်သုံးနိုင်ရန် လေ့လာဆန်းစစ်ခြင်းနှင့် နည်းပညာဆိုင်ရာ အကူအညီများ ပေးခြင်း
- ဥပဒေများ မူကြမ်းရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့အတွက် နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခြင်း
- ဥပဒေရေးရာအကူအညီများဆိုင်ရာ အမျိုးသားမဟာဗျူဟာနှင့် မူဘောင်ရေးဆွဲရေးအတွက် အကြံဉာဏ်များ ပေးခြင်း

တရားဥပဒေစိုးမိုးရေးနှင့် မျှတသောတရားစီရင်မှုအား လက်လှမ်းမီရေးကဏ္ဍ၏ သတင်းအချက်အလက်များ

- နိုင်ငံအဝှမ်းရှိ တရားသူကြီးပေါင်း ၁၀၀၀ခန့်သည် နှစ်စဉ် အမှုပေါင်း ၃၀၀,၀၀၀အား ကိုင်တွယ်ဖြေရှင်းပေးနေပါသည်။
- တည်ဆဲဥပဒေပေါင်း ၈၀၀ခန့်တွင် ထက်ဝက်ကျော်သည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးမရခင်ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေများ ဖြစ်ပါသည်။
- ဥပဒေများအား နိုင်ငံတွင်း ထုတ်ဝေသော သတင်းစာများတွင် ပုံနှိပ်ဖော်ပြပေးပါသည်။ သို့သော် အီလက်ထရောနစ်စနစ်ဖြင့် ဥပဒေများကို အလွယ်တကူ မရရှိနိုင်သေးပါ။
- တရားရုံးစနစ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းကြောင့် ချို့တဲ့အားနည်းသော လူအုပ်စုများမှ မျှတသော တရားစီရင်ရေးအား လက်လှမ်းမီမှုကို နားလည်သဘောပေါက်လာအောင် ဆောင်ရွက်ခြင်းအား အဟန့်အတားဖြစ်စေပါသည်။
- နိုင်ငံတော်မှ ပံ့ပိုးပေးသော ဥပဒေရေးရာအကူအညီများသည် ရာဇဝတ်မှုများတွင် သေဒဏ်ချမှတ်ခံရနိုင်ခြေရှိသော တရားခံများအတွက်သာ ဆောင်ရွက်ပေးနိုင်သေးသဖြင့် ပြည်သူလူထုအတွက် ဥပဒေရေးရာအကူအညီများအား အလွတ်တန်းရှေ့နေများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ အဓိကပံ့ပိုးပေးနေပါသည်။ ယခုအခါ လွှတ်တော်သည် ပိုမိုပြည့်စုံသော စနစ်တစ်ခု ပေါ်ပေါက်လာစေရန်အတွက် ဥပဒေရေးရာအကူအညီပေးသူများ ဥပဒေမူကြမ်းအား ရေးဆွဲရန် ဆွေးနွေးတိုင်ပင်လျက်ရှိပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

UNDPသည် မျှတသော တရားစီရင်မှုအား လက်လှမ်းမီရေး အားပေးမြှင့်တင်ရန်အတွက် ရှေ့နေများ၊ တရားသူကြီးများ၊ ဥပဒေကျောင်းသားများနှင့် ရဲဝန်ထမ်းများအား စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ စနစ်များ၊ အမှုအကျင့်များနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

- ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် သင်တန်းများကို ရေရှည်ကျင်းပပေးသွားနိုင်မည့် ပြည့်စုံသော မူဘောင်တစ်ခုအား ရေးဆွဲချမှတ်ရာတွင် ကူညီပံ့ပိုးပေးခြင်း
- တရားစီရင်ရေးသင်တန်းဌာနကို အားဖြည့်ပေးရန်အတွက် သင်တန်းများ၊ နည်းပညာဆိုင်ရာ အကူအညီများနှင့် ပစ္စည်းကိရိယာများအား ပံ့ပိုးပေးခြင်း၊ သင်တန်းများပေးရာတွင် တရားသူကြီးများနှင့် အခြားသော သင်တန်းဆရာများအတွက် တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် ကျွမ်းကျင်မှုအခြေပြု သင်ယူမှုနည်းလမ်းများဆိုင်ရာ သင်တန်းများ ပါဝင်ပါသည်။
- တရားစီရင်ရေးနှင့် တရားရေးကဏ္ဍမှ လုပ်ရှားဆောင်ရွက်နေသူများအတွက် အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှ အလားတူအဖွဲ့အစည်းများနှင့် အပြန်အလှန်လဲလှယ်လေ့လာခြင်းများကို အားပေးကူညီခြင်း
- မြန်မာနိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များ၏ ဥပဒေဌာနများနှင့် ပူးပေါင်းကာ ဆေးကုသရေးဆိုင်ရာ ဥပဒေပညာပေးအစီအစဉ်များ ရေးဆွဲနိုင်ရန် ကူညီပံ့ပိုးပေးခြင်း

- ရှေ့နေများနှင့် ရပ်ရွာလူထုများအား ဒေသန္တရအဆင့်မှာပင် ရေးသားပြုစုထားသည့် သင်ရိုးညွှန်းတမ်းကို အသုံးပြုကာ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ သင်တန်းများ ပေးနိုင်ရန်အတွက် လားရှိုးနှင့် မန္တလေးတွင် တရားဥပဒေစိုးမိုးရေးဌာနနှစ်ခုအား ရွှေ့ပြောင်းစမ်းသပ်ဖွင့်လှစ်ခြင်း



*၂၀၁၄ခုနှစ်တွင် ဥပဒေပြုရေး ဆွေးနွေးပွဲ့ချသည့် အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်စဉ်*

ဒေသန္တရအဆင့်တွင် မျှတသော တရားစီရင်ရေးကို လက်လှမ်းမီမှုအား ပံ့ပိုးကူညီခြင်း

တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအား ရေရှည်တည်တံ့စေရန်အတွက် ဒေသန္တရအဆင့်တွင် လူတိုင်းလက်လှမ်းမီ၍ တရားမျှတသော တရားရေးဝန်ဆောင်မှုများသည် (ပုံစံကျနှင့် ပုံစံတကျမဟုတ်သော) အခြေခံလိုအပ်ချက်ဖြစ်သည်ကို သိရှိထားသည်နှင့်အညီ UNDPသည် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုတွင် ရွှေ့ပြောင်းအဖြစ် အောက်ပါတို့ကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

- ရာဇဝတ်မှုများအား တရားစီရင်ရာတွင် တရားရေး၊ ဥပဒေရေးရာနှင့် ပြည်သူ့ရဲများမှ ပူးပေါင်းလက်တွဲဆောင်ရွက်သည့် နည်းလမ်းအား အားပေးမြှင့်တင်ရန်အတွက် ရွေးချယ်ထားသော တရားရုံး၊ ရှေ့နေချုပ်ရုံးနှင့် ရဲဌာနများအား သင်တန်းများပေးခြင်းနှင့် သယ်ယူထောက်ပံ့ပို့ဆောင်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာတို့တွင် ပံ့ပိုးကူညီပေးခြင်း
- အမျိုးသမီးများနှင့် ထိခိုက်လွယ်သောအုပ်စုများအား ဦးစားပေးသည့် ဥပဒေရေးရာအကူအညီများ ပံ့ပိုးပေးနိုင်ရေးနှင့် တရားစီရင်ရေးညွှန်းကိန်းဆိုင်ရာလုပ်ငန်းယန္တရားများအား လက်လှမ်းမီစေရေး ဆောင်ရွက်ပေးခြင်း
- ပုံစံကျနှင့် ပုံစံတကျမဟုတ်သော/ရိုးရာထုံးတမ်းစဉ်လာ တရားစီရင်မှုစနစ်များ မည်သို့ ဆက်သွယ်ချိတ်ဆက်မှုရှိပြီး မည်သို့ အပြန်အလှန် တုံ့ပြန်ဆောင်ရွက်မှုရှိကြောင်း ပိုမိုနားလည် သိရှိလာစေရန်အတွက် ထိုစနစ်များအား သုတေသနပြုလေ့လာမှုများကို ထောက်ပံ့ကူညီခြင်း

တရားမျှတမှုအား တောင်းဆိုနိုင်ရန်နှင့် လက်ခံရရှိနိုင်ရန်အတွက် ပြည်သူများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း

တရားစီရင်ရေးဝန်ဆောင်မှုများသည် လူထု၏ တောင်းဆိုမှုများကို တုံ့ပြန်ဆောင်ရွက်ပေးရန်လိုအပ်မှုအား နားလည်သိရှိသည်နှင့်အညီ အနည်းဆုံး ပြည်နယ်/တိုင်းဒေသကြီးနှစ်ခုတွင် ရွှေ့ပြောင်းစီမံချက်များဖြင့် ထိခိုက်လွယ်သောအုပ်စုများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

- တရားစီရင်ရေးဆိုင်ရာ ထင်မြင်ယူဆချက်များနှင့် ဦးစားပေးလိုအပ်ချက်များကို လေ့လာရာတွင် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများနှင့်ပတ်သက်၍ နားလည်သိရှိရန် အထူးအလေးပေး လေ့လာခြင်းနှင့် နစ်နာဆုံးရှုံးမှုများအား ကိုင်တွယ်ဖြေရှင်းပေးရာတွင် လူထုမှ ပိုမိုနှစ်သက်သော ဖြေရှင်းပုံနည်းလမ်းများအား အတူတကွ ရှာဖွေဖော်ထုတ်ခြင်း
- နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကျင်းပသော တရားစီရင်ရေးဆိုင်ရာ မူဝါဒဆွေးနွေးပွဲများတွင် မိမိတို့၏ အရေးကိစ္စများအား ထုတ်ဖော်ပြောဆိုနိုင်ရန်အတွက် ထိခိုက်လွယ်သော အုပ်စုများနှင့် ရပ်ရွာလူထုခေါင်းဆောင်များ၏ အရည်အသွေးအား ပျိုးထောင်ပေးခြင်း

ထပ်မံသိလိုသည်များရှိပါက

www.mm.undp.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည် သို့မဟုတ်
Paul Doila,
Programme Analyst, Rule of Law
Paul.Doila@undp.org အား ဆက်သွယ်နိုင်ပါသည်။